
## မြန်မာ-တရုတ်နယ်စပ်ရှိ အဓိကကျသော ကုန်သွယ်ရေးဂိတ်လေးခု ပြန်ဖွင့်

| နယ်စပ်ဂိတ် | ပြန်ဖွင့်သည့်ရက် | ခွင့်ပြုကုန်စည်များ | ကန့်သတ်ချက် |
|---|---|---|---|
| ကန်ပိုက်တီ-ထိန်ချုံး | ၂၀၂၁ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပိတ်ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်၌ ပြန်ဖွင့်။ | မြန်မာဘက်မှ တစ်သျှူးငှက်ပျော ဦးစားပေး တင်ပို့ရန် သဘောတူ။ | ယာဉ်မောင်းလဲလှယ်စနစ်ဖြင့် ပို့ဆောင်၊ ကိုဗစ်ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုသာ ခွင့်ပြု၊ ကိုဗစ်ကာကွယ်ရေး ကိစ္စများ၊ ကွန်တိန်နာနှင့် ကုန်တင်ယာဉ် ငှားရမ်းခများကို မြန်မာဘက်မှကျခံရ၊ တရက်လျှင် ကုန်တင်ယာဉ် အစီး ၃၀ သာခွင့်ပြု။ |
| လွယ်ဂျယ်-လိုင်းရင်း | ၂၀၂၁ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပိတ်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်၌ ပြန်ဖွင့်။ | မြန်မာဘက်မှ ကြံနှင့် တစ်သျှူးငှက်ပျော ဦးစားပေးတင်ပို့ရန်နှင့် တရုတ်ဘက်မှ ဓာတ်မြေသြဇာ၊ အထည်အလိပ်နှင့် အိမ်သုံးကုန်ပစ္စည်းများတင်ပို့ရန် သဘောတူ။ | ယာဉ်မောင်းလဲလှယ်စနစ်ဖြင့် ပို့ဆောင်၊ ကိုဗစ်ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုသာ ခွင့်ပြု၊ ကိုဗစ်ကာကွယ်ရေး ကိစ္စများ၊ ကွန်တိန်နာနှင့် ကုန်တင်ယာဉ် ငှားရမ်းခများကို မြန်မာဘက်မှကျခံရ၊ တရက်လျှင် ကုန်တင်ယာဉ် အစီး ၃၀ သာခွင့်ပြု။ |
| ကျင်စန်းကျော့-ဝမ်တိန် (မူဆယ်) | ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် ပိတ်ခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်၌ ပြန်ဖွင့်။ | သီးခြားသတ်မှတ်ထားခြင်းမရှိ (ဖရဲ၊ သခွား၊ နွား အဓိကတင်ပို့) | ကွန်တိန်နာဖြင့်သာ တင်ပို့၊ တင်သွင်းရန် သတ်မှတ်ခဲ့ပြီး ကိုးရက်အကြာတွင် ခေါက်တိုစနစ် ပြောင်းလဲ။ တရုတ်ဘက်မှ ယာဉ်များကိုသာ အသုံးပြုရသဖြင့် ယာဉ်ငှားရမ်းခများ ဆယ်ဆခန့်တက်။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ကိုဗစ်ကာကွယ်ဆေးထိုးပြီးကြောင်းနှင့် ကိုဗစ်ကင်းရှင်းကြောင်း လက်မှတ်ပြရန်လိုအပ်၊ ကွန်တိန်နာနှင့် ကုန်တင်ယာဉ် ငှားရမ်းခများကို မြန်မာဘက်မှကျခံရ။ တင်ပို့မည့် ပစ္စည်းများ၏ အရည်အသွေးကို ဓာတ်ခွဲခန်းပို့၍ စစ်ဆေးရသဖြင့် တင်ပို့ရန် အနည်းဆုံး ၁၄ ရက်မှ တလအထိ စောင့်ဆိုင်းရ။ |
| ချင်းရွှေဟော်-လင်ချမ်း (မိန်းတိန်) | ၂၀၂၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ပိတ်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်၌ ပြန်ဖွင့်။ | လယ်ယာထွက်ကုန်ပစ္စည်း ခုနစ်မျိုး အဓိကတင်ပို့ (ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရာဘာ၊ ဇီးသီးခြောက် စသည်) | ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် ကိုဗစ်ကာကွယ်ဆေး ထိုးပြီးကြောင်းနှင့် ကိုဗစ်ကင်းရှင်းကြောင်း လက်မှတ်ပြရန်နှင့် ကားများကို ဆေးဖြန်းရန်လိုအပ်။ |

မြန်မာ-တရုတ်နယ်စပ်တွင် ကုန်သွယ်ရေးဂိတ် ခြောက်ခုရှိသည့်အနက် အဓိကကျသော ကုန်သွယ်ရေးဂိတ်လေးခုကို ၂၀၂၁ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပြန်ဖွင့်ခဲ့သည်။ ထိုဂိတ်များကို ကိုဗစ်အကြောင်းပြု၍ ပိတ်ထားခဲ့ရာမှ အရေအတွက်အများဆုံးအနေဖြင့် ပြန်ဖွင့်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကန့်သတ်ချက်များကြောင့် ကုန်သွယ်မှုအကျပ်အတည်းနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

**မှတ်ချက် -** မြန်မာ-တရုတ်နယ်စပ်ဂိတ်များကို ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်းက ပိတ်ထားခဲ့သော်လည်း ကိုဗစ် ကာကွယ်ကုသရေး ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ချင်းရွှေဟော်ဂိတ်မှတဆင့် တင်သွင်းခွင့်ပြုခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်တွင် EAOs များနှင့် ပြည်သူ့စစ်များရှိပြီး အဆိုပါနယ်မြေများနှင့် ယူနန်ပြည်နယ်အကြား ကုန်သွယ်မှုတန်ဖိုးများမှာမူ စစ်ကောင်စီ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စာရင်း၌ ပါဝင်ခြင်းမရှိပါ။

## မြန်မာ-တရုတ်နယ်စပ်ဂိတ် ငါးခုအနက် လေးခုတွင် ကုန်သွယ်မှုကျဆင်း




| ကန်ပိုက်တီ | | အမေရိကန်ဒေါ်လာ သန်း |
|---|---|---|
| အာဏာမသိမ်းမီ ရှစ်လ | ၂၀၆.၄၈၃ | လျော့ကျ |
| အာဏာသိမ်းပြီး ရှစ်လ | ၁၀၄.၄၈၁ | - ၁၀၂.၀၀၂ |

| လွယ်ဂျယ် | | အမေရိကန်ဒေါ်လာ သန်း |
|---|---|---|
| အာဏာမသိမ်းမီ ရှစ်လ | ၁၂၈.၉၅၂ | လျော့ကျ |
| အာဏာသိမ်းပြီး ရှစ်လ | ၁၁၃.၈၂၆ | - ၁၅.၁၂၆ |

| မူဆယ် | | အမေရိကန်ဒေါ်လာ သန်း |
|---|---|---|
| အာဏာမသိမ်းမီ ရှစ်လ | ၃,၅၈၆.၃၁ | လျော့ကျ |
| အာဏာသိမ်းပြီး ရှစ်လ | ၂,၀၀၁.၅၀ | - ၁,၅၈၄.၈၁ |

| ချင်းရွှေဟော် | | အမေရိကန်ဒေါ်လာ သန်း |
|---|---|---|
| အာဏာမသိမ်းမီ ရှစ်လ | ၄၁၆.၇၅၇ | လျော့ကျ |
| အာဏာသိမ်းပြီး ရှစ်လ | ၂၄၄.၅၅၁ | - ၁၇၂.၂၀၆ |


| ကျိုင်းတုံ | | အမေရိကန်ဒေါ်လာ သန်း |
|---|---|---|
| အာဏာမသိမ်းမီ ရှစ်လ | ၅.၈၀၉ | မြင့်တက် |
| အာဏာသိမ်းပြီး ရှစ်လ | ၁၁.၁၁၈ | + ၅.၃၀၉ |

၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ သိရသော အချက်အလက်များကို အခြေပြု၍ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကို အာဏာမသိမ်းခင် ရှစ်လနှင့် အာဏာသိမ်းပြီးရှစ်လ နှိုင်းယှဉ်ပါက **အမေရိကန်ဒေါ်လာ သန်း ၁,၉၀၀** နီးပါး ကျဆင်းသွားသည်။ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကျဆင်းမှုအများဆုံးဖြစ်ပြီး အာဏာမသိမ်းခင်ရှစ်လက ကုန်သွယ်မှုထက် နှစ်ဆခန့် လျော့ကျခဲ့သည်။ ချင်းရွှေဟော်တွင် **အမေရိကန်ဒေါ်လာ သန်း ၁၇၀** ကျော်၊ ကန်ပိုက်တီတွင် **အမေရိကန်ဒေါ်လာ သန်း ၁၀၀** ကျော် ကျဆင်းခဲ့သည်။ လွယ်ဂျယ်ဂိတ်တွင်မူ **အမေရိကန်ဒေါ်လာ ၁၅ သန်း** ကျော် ကျဆင်းခဲ့သည်။ ထူးခြားချက်အနေဖြင့် ကျိုင်းတုံဂိတ်တခုတွင်သာ ကုန်သွယ်မှုပမာဏ မြင့်တက်ခဲ့ပြီး အာဏာမသိမ်းမီ ရှစ်လကထက် ကုန်သွယ်မှုတန်ဖိုး နှစ်ဆခန့် (ပမာဏအားဖြင့် **အမေရိကန်ဒေါ်လာ ငါးသန်း**ကျော်) မြင့်တက်ခဲ့ပါသည်။


ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## နယ်စပ်ကုန်သွယ်ရေးကွာဟချက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ရှိ


### မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု





### မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု




### မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု




### မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှု





■ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်  ■ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ)

နယ်စပ်ကုန်သွယ်ရေး စုစုပေါင်းတန်ဖိုးကို ဘဏ္ဍာနှစ် နှစ်ခု နှိုင်းယှဉ်ရာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(ယာယီ)တွင် ရရှိခဲ့သော ပမာဏသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ရရှိခဲ့သော ပမာဏထက် **အမေရိကန်ဒေါ်လာ သန်း ၅၀၀** နီးပါး လျော့ကျခဲ့ပါသည်။ ဘဏ္ဍာနှစ်နှစ်ခုစလုံးတွင် မူဆယ်၊ နဘုလယ်/ထီးခီး၊ မြဝတီ၊ စစ်တွေ၊ ချင်းရွှေဟော်တို့မှာ ကုန်သွယ်မှု အများဆုံးပြုလုပ်ခဲ့သည့် နယ်စပ်စခန်းများဖြစ်သည်။ မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၈ ခုရှိပြီး ကုန်သွယ်မှုတန်ဖိုးကို ဘဏ္ဍာနှစ်နှစ်ခု နှိုင်းယှဉ်ပါက အကြီးဆုံးဖြစ်သည့် မူဆယ်နယ်စပ်ဂိတ်တွင် **အမေရိကန်ဒေါ်လာ ၈၃၂ သန်း**ကျော် လျော့ကျခဲ့ပြီး မြဝတီတွင် **အမေရိကန်ဒေါ်လာ ၇၃၅ သန်း** နီးပါးပိုများခဲ့သည်။ နဘုလယ်/ထီးခီးတွင် **အမေရိကန်ဒေါ်လာ ၃၅၉ သန်း** ကျော် ကျဆင်းခဲ့ပြီး ရိဒ်တွင် **အမေရိကန်ဒေါ်လာ ၁၁၅ သန်း**နီးပါး ပိုများခဲ့သည်။

ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## နယ်စပ်ကုန်သွယ်မှုအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နှင့်ကုန်သွယ်မှုအဖြစ် ဆက်ရှိနေ




၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ **အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ**ကျော် ရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုသည် **၁၀ ဒသမ ၁ ဘီလီယံ** ကျော်ရှိခဲ့ပြီး စုစုပေါင်းကုန်သွယ်မှုပမာဏ၏ **၃၃ ဒသမ ၈ ရာခိုင်နှုန်း**ရှိခဲ့သည်။ တရုတ်နှင့်နယ်စပ်ကုန်သွယ်မှုမှာ စုစုပေါင်း နယ်စပ်ကုန်သွယ်မှု၏ **၄၉ ဒသမ ၅ ရာခိုင်နှုန်း**ရှိကာ **အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၂ ဘီလီယံ**ကျော်ရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်မူ စုစုပေါင်း ကုန်သွယ်မှုပမာဏ **အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇ ဘီလီယံ**ကျော် ရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှာ **အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံ**ကျော် ရှိပါသည်။ တရုတ်နှင့် နယ်စပ်ကုန်သွယ်မှုမှာ **အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆ ဘီလီယံ**ကျော် ရှိခဲ့သဖြင့် စုစုပေါင်း နယ်စပ်ကုန်သွယ်မှု၏ **၅၅ ဒသမ ၁ ရာခိုင်နှုန်း** ရှိပါသည်။ ဘဏ္ဍာနှစ်နှစ်ခုကို အခြေပြု၍ တရုတ်နှင့် နယ်စပ်ကုန်သွယ်မှုကို နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် **၅ ဒသမ ၆ ရာခိုင်နှုန်း** ကျဆင်းခဲ့သည်။

ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန